# Highlights from DVB Debate's Burma's Biodiversity

## May 9, 2015

## "How to protect Burma's unique Biodiversity?"

"ရှားပါးငါးမျိုးစိတ်တွေဟာ အင်းလေးကန်မှာပဲတွေ့ရတာပါ။ နောက်ပိုင်းမှာတော့ လူလုပ်ပယောဂတွေကြောင့် ဂေဟာစနစ်တွေရွှေ့ပြီး ပျောက်ပျက်ကုန်ပြီ။ ရှမ်းပြည်ဒေသရင်းမြစ်ဖြစ်တဲ့ လိပ်၊ ကြံ့နဲ့ ကျားသစ်တွေ မရှိသလောက် နည်းပါးလာပြီ။"

စိုင်းစိုင်းငင်း - အဖြူရောင်စေတနာ (သဘာဝပတ်ဝန်းကျင်နဲ့လူမှုဘဝဆိုင်ရာရေ့ဆောင်အဖွဲ့) အစီအစဉ်ညှိနှိုင်းရေးမှူး

---

"ဒေသခံတွေနဲ့လက်တွဲပြီးတော့ ဇီဝမျိုးရင်းမျိုးစိတ်တွေကို ထိန်းသိမ်းရမယ်။ ဒေသခံတွေ ကိုယ်တိုင်အထင်လွဲခံရတာရှိတယ်. တခြား တခြားသောအဖွဲ့တွေက သစ်တွေလာခုတ်သွားတယ်. ဒါပေမယ့် လူတွေက ဒေသခံတွေ ရွှေ့ပြောင်းတောင်ယာလုပ်လို့ သစ်ပြုန်းတီးတယ်လို့ ထင်နေကြတယ်"

နော်အိအိမင်း - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ ဒါရိုက်တာ

---

"ကချင်ဘက်မှာ ကားအစီး ၄ဂဂ သစ်ခိုးထုတ်လာတာ မိတယ်။ စစ်ကိုင်းဘက်ကလာတာ ကချင်ရောက်မှမိတော့ သစ်ခုတ်နေတုန်းက ဘာလို့မမိလဲ၊ သယ်လာတဲ့တောက်လျှောက် ဘာလို့ မမိလဲ မိတော့လည်း ထောင် ၆ လတဲ့ ကျမသိသလောက် သစ်တပင်ခုတ် ထောင်ဒဏ်ဟာ အနည်းဆုံး ၇ နှစ် ဒီတော့ ဥပဒေတွေကို စက်နဲ့လှည့်ထုတ်သလို ထုတ်နေပြီး လိုက်နာမှု၊ အရေးယူမှု အားနည်းတော့ မျိုးရင်းမျိုးစိတ်တွေလဲ ကုန်တာပေါ့"

ဒေါက်တာ ခင်နှင်းယု - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ(ငြိမ်း)

---

"သဘာဝပတ်ဝန်းကျင်ကို ငွေနဲ့အရောင်းအဝယ်လုပ်နေသမျှ ရှိသမျှအကုန်လုံး တောင်ကတုံးဖြစ်သွားမှာပါ"

ဦးကျော်ဇော - ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ

---

"ကျနော်တို့အနေနဲ့လည်း ထိန်းသိမ်းရေးအပိုင်းမှာ အခုဆို လေကြောင်းကနေ ဖမ်းဆီးရေးဆောင်ရွက်တာတွေ လုပ်ဖို့ပြင်နေပြီ။ ဒါပေမယ့် လူအင်အားနည်းတာရော ပူးပေါင်းမှုအားနည်းတာတွေတော့ ရှိပါတယ်။"

ဦးမောင်မောင်ဝင်း - ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး

---

"အခုလက်ရှိ တောင်ကြီးမြို့ဟာ သဘာဝအငွေ့အသက်ကင်းပြီး သဘာဝမျိုးရင်းစိတ်တွေမရှိတော့ဘဲ ခို၊ စာကလေးနဲ့ ကျီးကန်းတွေနဲ့ မြို့ပြအရမ်းဆန်နေပြီ"

စိုင်းစိုင်းငင်း - အဖြူရောင်စေတနာ (သဘာဝပတ်ဝန်းကျင်နဲ့လူမှုဘဝဆိုင်ရာရှေ့ဆောင်အဖွဲ့) အစီအစဉ်ညှိနှိုင်းရေးမှူး

---

"သစ်တောညွှန်မှူးက သစ်တောကြိုးဝိုင်းတွေ ထိန်းသိမ်းနေတယ်လို့ ဆွေးနွေးသွားတယ်။ ဒါဆိုရင် သစ်တောကြိုးဝိုင်းတွေ ဖျက်ပြီး ဟိုတယ်ဖုန်တွေ ဘာလို့ ဆောက်တာပါလဲ"

ဦးဝင်းဇော်ဦး - တရားလွှတ်တော်ရှေ့နေ

---